**ASEAN PARLIAMENTARIANS FOR HUMAN RIGHTS**

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒပြမှု ဥပဒေကြမ်းပြင်ဆင်ချက်များကို လက်မခံရန် ဒေသတွင်းလွှတ်တော်အမတ်များကမြန်မာလွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်း**

ဂျကာတာ ၊ အင်ဒိုနီးရှား၊ မတ်လ ၁၂ ရက်၊ ၂၀၁၈ ခုနှစ်။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒပြမှုဥပဒေပြင်ဆင်ချက်အသစ်များအပေါ် များစွာ စိုးရိမ်ပူပန်မိပါကြောင်းနှင့် ပြည်သူ့လွှတ်တော်အမတ်များအနေဖြင့် အဆိုပြုထားသည့် ပြင်ဆင်ချက်များကို သဘောမတူဘဲငြင်းပယ်ရန် အမျိုးသားလွှတ်တော်တွင် မတ်လ ၇ ရက်နေ့က အဆိုပါမူကြမ်းပြင်ဆင်ချက်များအား အတည်ပြုပြီးသည့်နောက်တွင် အရှေ့တောင်အာရှလွှတ်တော်အမတ်များက ဆော်ဩတိုက်တွန်းလိုက်ပါသည်။

အဆိုပါ ၂၀၁၁ ခုနှစ် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒပြမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် လွတ်လပ်စွာ စုဝေးခွင့်နှင့် ဟောပြောခွင့်တို့ကို ပိုမိုထိန်းချုပ်မှုများသာရှိစေမည်ဖြစ်ပြီး မြန်မာနိုင်ငံအား လားရာအမှားသို့သာ ရောက်ရှိစေလိမ့်မည်ဖြစ်ကြောင်း လူ့အခွင့်အရေးဆိုင်ရာ အာဆီယံလွှတ်တော်အမတ်များအဖွဲ့ (APHR) ကပြောကြားခဲ့သည်။

"တကယ်လို့ ဒီဥပဒေကြမ်းပါပြင်ဆင်ချက်တွေကို အတည်ပြုလိုက်မယ်ဆိုရင် လွတ်လပ်စွာ စုဝေးခွင့်နှင့် ဟောပြောခွင့်တို့ကိုသာ ထိန်းချုပ်ထိခိုက်စေမှာ မဟုတ်ဘဲ မြန်မာနိုင်ငံအတွင်းမှာ ဒီမိုကရေစီနယ်ပယ် ကျဉ်းမြောင်းယုတ်လျော့လာမှုကိုလည်း သိသာထင်ရှားစေမှာ ဖြစ်ပါတယ်" လို့ ဖိလစ်ပိုင်ကွန်ဂရက်လွှတ်တော်အမတ်နှင့် APHR ဘုတ်အဖွဲ့ဝင် Teddy Baguilat ကပြောကြားခဲ့သည်။

"ဒီလိုပြင်ဆင်ချက်တွေကို ဆယ်စုနှစ်များစွာနောက်ပိုင်း ပထမဦးဆုံးအကြိမ် ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ဖွဲ့စည်းထားတဲ့ အစိုးရလက်ထက်မှာဆောင်ရွက်တယ်ဆိုတာကို မြင်ရတာ ဝမ်းနည်းစရာပါပဲ။ လူထုရဲ့လွတ်လပ်ခွင့်တွေ ပိုမိုရရှိလာဖို့အတွက်မျှော်လင့်ထားခဲ့ကြပေမယ့် အခုတော့ တိုင်းပြည်ဟာ နောက်ပြန်သွားနေသလိုပါပဲ" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားကို ပျက်ပြားစေရန် အကြံဖြင့်ဖြစ်စေ ဆန္ဒပြမှုများဖြစ်စေရန် လှုံ့ဆော်တိုက်တွန်းသောသူများဖြစ်ပါလျှင် ၎င်းတို့ကိုချမှတ်မည့် ပြစ်ဒဏ်များအား တိုးမြှင့်မည့် ပြင်ဆင်ချက်များအပေါ် ဒေသတွင်းလွှတ်တော်အမတ်များက စိုးရိမ်ပူပန်ကြခြင်းဖြစ်သည်။ ထို့အပြင် ခန့်မှန်းကုန်ကျစရိတ်၊ ကုန်ကျခံမည့် ပုဂ္ဂိုလ်အမည် သို့မဟုတ် အဖွဲ့အစည်းက မည်သူဖြစ်သည်အပါအဝင် ပြုလုပ်မည့် အစီအစဉ်အသေးစိတ်ကို တင်ပြရန်နှင့် ဒေသခံအာဏာပိုင်များအား ၄၈ နာရီကြိုတင်ပြီး တင်ပြရန် စသည့် လိုအပ်ချက်များကို ထည့်သွင်းထားမှုများအပေါ်လည်း များစွာ စိုးရိမ်ကြပါသည်။

" ဥပဒေမူဘောင်ကို ပိုမိုကောင်းမွန်စေဖို့ဆောင်ရွက်ရမယ့်အစား အဆိုပြုထားတဲ့ ဒီပြင်ဆင်ချက်တွေဟာ နဂိုကတည်းကမကောင်းတဲ့ဥပဒေတစ်ခုကို ပိုပြီး ဆိုးသွားစေပါတယ်။ ဥပဒေကြမ်းပါပြင်ဆင်ချက် တော်တော်များများဟာ မရှင်းလင်းတဲ့အပြင် အာဏာပိုင်တွေအနေနဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြသူတွေအပေါ် ဥပဒေတစ်ခုကို အသုံးချပြီး လိုသလိုပုဒ်မတပ်ပြီး ဖမ်းဆီးနိုင်ခွင့်ကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ အဲ့ဒီဥပဒေကို အရင်ကတည်းက သတင်းထောက်တွေ၊ လယ်သမားတွေ၊ ကျောင်းသားတွေကို ဖမ်းဆီးထောင်ချရာမှာ အကြိမ်များစွာ အသုံးပြုခဲ့ပြီးလည်း ဖြစ်ပါတယ်" ဟု Baguilat ကပြောကြားခဲ့သည်။

"ဖိနှိပ်ချုပ်ချယ်မှုနှင့် မတရားပြုကျင့်မှုတွေကို ဖြစ်ပေါ်စေမယ့် ထိန်းချုပ်မှုတွေကို ချမှတ်ဖို့ဆောင်ရွက်မယ့်အစား မြန်မာအစိုးရအနေနဲ့ ငြိမ်းချမ်းစွာ ဖော်ထုတ်သူတွေအတွက် ကောင်းမွန်တဲ့အခြေအနေတစ်ရပ်ကိုသာ ဖန်တီးပေးသင့်ပါတယ်။"

လူထုနဲ့တွေ့ဆုံဆွေးနွေးမှုတွေ မဆောင်ရွက်ခဲ့ဘဲနဲ့အတည်ပြုဖို့ဆောင်ရွက်နေတဲ့ ဒီပြင်ဆင်ချက်တွေအပေါ် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အရပ်ဖက်အဖွဲ့အစည်းတွေက ဆန့်ကျင်ကြောင်း ဖော်ထုတ်မှုတွေရှိခဲ့တာကိုလည်း APHR က သတိပြုမိခဲ့ပါသည်။ အဆိုပါပြင်ဆင်ချက်များကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြသူ ၅၀၀ ကျော်က မတ်လ ၅ ရက်နေ့တွင် ရန်ကုန်မြို့တွင် ဆန္ဒပြခဲ့ကြပါသည်။

"ပြင်ဆင်ချက်တွေကို ဆန့်ကျင်ဆန္ဒပြခဲ့ကြတဲ့ အရပ်ဖက်လူမှုအဖွဲ့အစည်းတွေဘက်က ကျွန်မတို့ရပ်တည်လျက်ရှိပါတယ်။ မြန်မာလွှတ်တော်အမတ်တွေအနေနဲ့လည်း ၎င်းတို့ရဲ့မဲဆန္ဒရှင်တွေရဲ့အသံကို နားထောင်သင့်ပါတယ်။" ဟု APHR ဘုတ်အဖွဲ့ဝင်နှင့် အင်ဒိုနီးရှားလွှတ်တော်အမတ် Eva Kusuma Sundari ကပြောကြားခဲ့သည်။

"ထိုင်းနိုင်ငံအတွင်းတွင် နိုင်ငံရေးဆိုင်ရာ လူထုစုဝေးမှုများကို တားမြစ်ထားသော၊ ဖိလစ်ပိုင်၊ မလေးရှား စသည့် နိုင်ငံများတွင် ငြိမ်းချမ်းစွာဆန္ဒပြသူများအား ဖမ်းဆီးချုပ်နှောင်အပြစ်ပေးခြင်း စသည့် ဆောင်ရွက်မှုများ ယခုအချိန်တွင် ဖြစ်ပွားလျက်ရှိနေရာ ငြိမ်းချမ်းစွာဖော်ထုတ်ခွင့်နှင့် စုဝေးစီတန်းလှည့်လည်ခွင့်ကို ရရှိလိုသောသူများအတွက် ယခုတင်သွင်းထားသော ဥပဒေပြင်ဆင်ချက်များသည် ဒေသတွင်းအတားအဆီးများကို ပိုမိုကြီးထွားလာစေမှာ ဖြစ်ပါတယ်" ဟု APHR ကပြောကြားခဲ့သည်။

"ဥပဒေပြုသူတွေအနေနဲ့ ကျွန်မတို့ဟာ ဒီလိုခေတ်နောက်ပြန်ဆွဲနေမှုတွေကို ဆန့်ကျင်ရမယ့်တာဝန်ရှိပြီး လူတစ်ဦးချင်းစီရဲ့လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီစံနှုန်းတွေကို လေးစားကာကွယ်တဲ့ဒေသတစ်ခုဖြစ်လာစေဖို့အရေး ဆက်လက်တိုက်ပွဲဝင်ကြရမှာ ဖြစ်ပါတယ်" ဟု Sundari က ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံအတွင်းမှာ နောက်ကြောင်းပြန်မသွားစေဖို့၊ လူထုကိုပေးထားတဲ့ကတိတွေ ပျက်ကွက်နေမှုတွေ ဆက်လက်မဖြစ်ပွားစေရန်အတွက် မြန်မာ့လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဥပဒေကြမ်းပါ ပြင်ဆင်ချက်တွေကိုလက်မခံဖို့နဲ့ မိမိတို့ရဲ့ဒီမိုကရေစီတာဝန်တွေကို ပြည့်ပြည့်ဝဝထမ်းဆောင်ဖို့အတွက် ကျွန်မတို့ တိုက်တွန်းလိုပါတယ်။"